# (အဖွဲ့အစည်း) နိုင်ငံတွင်း လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေး အဓိက တာဝန်ယူဆောင်ရွက်သူများအတွက် (အကြောင်းအရာ) ယေဘုယျလုပ်ငန်းညွှန်းတမ်း[1]

## နောက်ခံအကြောင်းအရာများ

[အဖွဲ့အစည်းများ၏ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကတိကဝတ်များ၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့် သက်ဆိုင်သည့်အချက်အလက်များကို ထည့်သွင်းရန်]

**အခန်းကဏ္ဍဖော်ပြခြင်း**

(အဖွဲ့အစည်း၏) လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေးဆိုင်ရာ အဓိကတာဝန်ယူဆောင်ရွက်သူသည် အဖွဲ့အစည်းအတွင်း၌ဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီး ကာကွယ်ရေးကွန်ယက်၏ (အကြောင်းအရာ) တက်ကြွသောအဖွဲ့ဝင်တစ်ဦးအနေဖြင့်ဖြစ်စေ သူ/သူမ၏ ရုံးအကြီးအကဲနှင့် တိုက်ရိုက်ညှိနှိုင်းဆက်သွယ်ပြီး လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ပေးအပ်ခံရသူဖြစ်သည်။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေးဆိုင်ရာ အဓိကတာဝန်ရှိသူ ရွေးချယ်ခြင်းသည် ရုံးအကြီးအကဲ၏ တာဝန်ဝတ္တရားများကို လျှော့ချခြင်းမဟုတ်ဘဲ ရုံးအကြီးအကဲအနေဖြင့် အဆိုပါတာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန် ပံ့ပိုးကူညီခြင်းဖြစ်သည်။ (ဤနေရာတွင် အကိုအကားထည့်နိုင်သည် - ဒေသတွင်း (သို့မဟုတ်) ရုံးချုပ် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေး အဓိကတာဝန်ယူ ဆောင်ရွက်သူ၏ အခန်းကဏ္ဍသည် နိုင်ငံတွင်း အဓိကတာဝန်ယူ ဆောင်ရွက်သူကို ပံ့ပိုးကူညီရန် ဖြစ်သည်။)

အဓိကတာဝန်ယူဆောင်ရွက်သူ ရာထူးသည် အချိန်ပြည့်ထမ်းဆောင်ရမည့် ရာထူးအဖြစ် ခန့်အပ်ခြင်းမဟုတ်ဘဲ ရှိပြီးသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ဦးဆောင်သူအဖြစ် ခန့်အပ်ခြင်းပင်ဖြစ်သည်။ အဓိကတာဝန်ယူဆောင်ရွက်သူ၏ ပုံမှန်လုပ်ငန်းများနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ချက်တို့သည် ဟန်ချက်ညီရန်

[1] ဤလိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေး အဓိကတာဝန်ယူဆောင်ရွက်သူ၏ ယေဘုယျ လုပ်ငန်းညွှန်းတမ်းသည် နိုင်ငံတွင်းရှိ ရုံးအကြီးအကဲများအနေဖြင့် အဓိကတာဝန်ယူဆောင်ရွက်သူ ခန့်အပ်ဆောင်ရွက်ရာတွင် ၎င်းတို့ရုံးအခြေအနေနှင့် ကိုက်ညီသည့် လုပ်ငန်းညွှန်းတမ်းပြုစုရာတွင် ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပါသည်။ ECHA/ECPS UN နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ထုတ်ပြန်ထားသည့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုဆိုင်ရာ လုပ်ငန်းညွှန်းတမ်း (၂၀၀၈) ကို IASC 2016 ပါ ကောင်းမွန်သော အလေ့အထများနှင့် သဘောတူညီချက်များနှင့် လက်ရှိအဖွဲ့အစည်းများ၏ လုပ်ငန်းညွှန်းတမ်းများကို အခြေခံ၍ လတ်တလောအခြေအနေနှင့် ကိုက်ညီအောင် နိုင်ငံတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကျွမ်းကျင်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ပြင်ဆင်မွမ်းမံခဲ့ပါသည်။

လိုအပ်ပြီး အဓိကတာဝန်ယူဆောင်ရွက်သူ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆန်းစစ်ရာ၌ အောက်ပါတာဝန်ဝတ္တရားများ ထင်ဟပ်ပေါ်လွင်စေရမည်-

လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမူတားဆီးကာကွယ်ရေးလုပ်ငန်း တာဝန်များ ဆောင်ရွက်ရန်အတွက် အဓိကတာဝန်ယူဆောင်ရွက်သူသည် လုံလောက်သော အချိန်တစ်ခု ရရှိစေရမည်။ အဆိုပါဆောင်ရွက်ချက်များသည် ခွင့်ကာလ/အနားယူနေစဉ်ကာလအတွင်း တစ်ဦးအနည်းဆုံး ရှိနေစေရန် အဖွဲ့အစည်းတွင် အဓိကတာဝန်ယူဆောင်ရွက်သူနှစ်ဦး (အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦး) အမြဲတမ်း တာဝန်ထမ်းဆောင်လျက်ရှိရမည် ဖြစ်သည်။

လုပ်ငန်းညွှန်းတမ်းတွင် ဖော်ပြပါရှိသည့် တာဝန်နှင့်ဝတ္တရားများကို ခွဲဝေရာတွင် အဓိကတာဝန်ယူဆောင်ရွက်သူများ ကိုယ်တိုင်ဆုံးဖြတ်မည်။ ရုံးအကြီးအကဲနှင့် အဓိကတာဝန်ယူဆောင်ရွက်သူများသည် HCT/UNCT နှင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမူ တားဆီးကာကွယ်ရေး ကွန်ယက်တို့တွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ရန်အတွက် အဖွဲ့အစည်း၏ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမူတားဆီးကာကွယ်ရေးဆိုင်ရာ စုပေါင်းဆောင်ရွက်မှုများနှင့် တိုးတက်မှုများ၏ နောက်ဆုံးအခြေအနေကို သိရှိရန် နှစ်ဦးနှစ်ဖက်တွင် တာဝန်ရှိသည်။ (မှတ်ချက်။ အဓိကတာဝန်ယူဆောင်ရွက်သူကို အချိန်ပြည့် ရာထူးအဖြစ် ခန့်အပ်ထားသော အခြေအနေမျိုးတွင် ခွင့်ကာလ/ အနားယူနေစဉ်ကာလအတွင်းတွင် အဆိုပါအဓိကတာဝန်ယူ ထားသူ၏နေရာတွင် အခြားတစ်ဦးအား အစားထိုးခေတ္တ ခန့်အပ်မည်ဖြစ်ပြီး နောက်ဆုံးအခြေအနေကို အချိန်နှင့် တပြေးညီ သိရမည်။)

အဓိကတာဝန်ယူဆောင်ရွက်သူသည် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမူတားဆီး ကာကွယ်ရေးဆိုင်ရာကိစ္စများအတွက်သာ တာဝန်ရှိသည်။ အလုပ်ခွင်၌ လိင်ပိုင်းဆိုင်ရာ နှောက်ယှက်မှုနှင့် ဝန်ထမ်းများ၏ အခြားလက်မခံနိုင်သည့်အပြုအမူများနှင့်သက်ဆိုင်သော ကိစ္စများသည် ဤလုပ်ငန်း၏ အစိတ်အပိုင်းတစ်ရပ်မဟုတ်ပါ။ [အကယ်၍ လိင်ပိုင်းဆိုင်ရာ နှောက်ယှက်မှုဆိုင်ရာ အဓိကတာဝန်ယူဆောင်ရွက်သူအဖြစ် ပူးပေါင်း ခန့်အပ်ထားသူဖြစ်ပါက အပို ဖြည့်စွက်ထားသောလုပ်ငန်းညွှန်းတမ်း လိုအပ်ပါမည်။]

## တာဝန်ဝတ္တရားများ

လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမူတားဆီးကာကွယ်ရေး၏ ဒေါက်တိုင် (၄) ရပ်တွင် အဓိကတာဝန်ယူဆောင်ရွက်သူ (များ) သည် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

### နစ်နာသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပံ့ပိုးကူညီခြင်း

ကြိုးပမ်းဆောင်ရွက်မှုများ မထပ်စေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများအား သိရှိနိုင်စေရန်တို့အတွက် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ၁) လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု တားဆီးကာကွယ်ရေးကွန်ယက် (နောက်ခံအကြောင်းအရာ) နှင့် မျှဝေဆောင်ရွက်သင့်သည်၊ ၂) နစ်နာသူများ (နှင့် AAP/CwC လုပ်ငန်းအဖွဲ့) နှင့်အတူတကွ ဆောင်ရွက်နေသူများနှင့် ညှိနှိုင်းဆောင်ရွက်သင့်သည်။

- (အဖွဲ့အစည်း) ၏ ရပ်ရွာလူထုနှင့် လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများကို မှတ်သားပါ။ စီမံကိန်းတာဝန်ခံများနှင့်တွဲဖက်၍ သင့်လျော်သည့်နေရာများတွင် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု တားဆီးကာကွယ်ရေးဆိုင်ရာ သတင်းစကားများ ထည့်သွင်းဖော်ပြပါ(နှင့်/သို့မဟုတ်) ရပ်ရွာလူထုမှ ထည့်သွင်းလိုသော အချက်အလက်များကို စုစည်းပါ။
- ထိရှလွယ်သည့် သတင်းအချက်အလက်များအား တိုင်ကြားရာတွင်လည်းကောင်း၊ အထောက်အကူပြုလုပ်သားများ၏ သဘောထားနှင့် အပြုအမူများအပေါ် ရပ်ရွာလူထု၏ အမြင်နှင့်ပတ်သက်၍လည်းကောင်း လူထုလိုလားချက်များကို သိရှိနိုင်ရန်နှင့် လိင်ပိုင်းဆိုင်ရာအကြောင်းအရာများကို ယဉ်ကျေးမှုအရ သင့်လျော်အောင်ပြောဆိုရာ၌ ရပ်ရွာလူထုမှ ပံ့ပိုးပေးသည့် အချက်အလက်များကိုသိရှိရန် ပုံမှန်ဆွေးနွေးမှုများ ပြုလုပ်ပါ။
- လိင်ပိုင်းဆိုင်ရာမျက်နှာသာပေးမှုများ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံ ဖြတ်မှုနှင့် မဖွယ်မရာပြုမှုဖြစ်ရပ်များအပါအဝင် ထိရှလွယ်သည့်တိုင်ကြားချက်များကို သတင်းပို့သည့်အတွက် အကူအညီပေးမှုများသည် ပြောင်းလဲသွားမည် မဟုတ်ကြောင်း သိရှိစေရန် အသိပညာပေးလုပ်ငန်းနည်းစနစ်များ ရေးဆွဲရမည်ဖြစ်ပြီး ရပ်ရွာလူထုအတွက် ဖြစ်ရပ်များကို ပံ့ပိုးကူညီရာတွင် ၎င်းတို့၏အခွင့်အရေးများကို သိရှိစေရန် အလေးထားဆောင်ရွက် ရမည်။

## ကာကွယ်တားဆီးခြင်း

အဓိကတာဝန်ယူဆောင်ရွက်သူသည် နိုင်ငံတကာစံချိန်စံညွှန်း၊ ကောင်းမွန်သောအလေ့အကျင့်နှင့်အညီ အဖွဲ့အစည်းတွင်း မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ရာတွင် (သို့မဟုတ်) ပိုမိုအားကောင်းအောင် ဆောင်ရွက်ရာတွင် ရုံးအကြီးအကဲကို ပံ့ပိုးကူညီရမည်။

- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုကို တိကျစွာ တားမြစ်ထားပြီး အဆိုပါ အပြုအမူကို တိုင်ကြားရန်တာဝန်ရှိကြောင်းနှင့် အချက်အလက်များကို ချိုးဖောက်ပါက လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်စည်းကမ်း (Code of Conduct) ကိုချမှတ်ပြီး ဝန်ထမ်းများကိုလက်မှတ်ထိုးစေ၍ သေချာအောင်ဆောင်ရွက်ရမည်။ အဆိုပါကျင့်ဝတ်စည်းကမ်း

များကိုပြဋ္ဌာန်းရာတွင် တိုင်ကြားသူကို ထိရောက်စွာကာကွယ်ပေးထားသော၊ လုံခြုံသည့် တိုင်ကြားချက်ကိုအားပေးသော သတိပေးလှုံ့ဆော်သော (Whistleblower) မူဝါဒနှင့်အတူ ပြဋ္ဌာန်းဆောင်ရွက်သင့်ပါသည်။

- လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမူတားဆီးကာကွယ်ရေး ဆောင်ရွက်ရာတွင် (အဖွဲ့အစည်း) ၏ ဌာနများ၊ အစီအစဉ်များနှင့် ကိုက်ညီမှုရှိစေရန် အဖွဲ့အစည်းတွင်း လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမူတားဆီးကာကွယ်ရေးမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်တို့ကို ရေးဆွဲရမည်။
- လက်မခံနိုင်သည့်အပြုအမူကျူးလွန်ဘူးသည့်စာရင်းဝင် ပုဂ္ဂိုလ်များကို ငှားရမ်းမိခြင်းမှ ကာကွယ်ပေးနိုင်သော လက်တွေ့ဆောင်ရွက်မှုများကို လူ့စွမ်းအားအရင်းအမြစ်ဌာနများတွင် ထားရှိကျင့်သုံးရမည်။ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမူတားဆီး ကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကို လုပ်ငန်းမိတ်ဆက်၊ သဘောတူစာချုပ်နှင့် ထပ်ဆင့်သဘောတူစာချုပ်များ၊ အလုပ်ဆန်းစစ်အကဲဖြတ်မှု စံသတ်မှတ်ချက်များတွင် ထည့်သွင်းပါ။

ထို့ပြင် အဓိကတာဝန်ယူဆောင်ရွက်သူသည် အောက်ပါတို့ကို ဦးဆောင်ရမည်-

- လုပ်ငန်းစီမံချက်အရ (အဖွဲ့အစည်း)၏ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမူတားဆီးကာကွယ် ရေးလှုပ်ရှားမှုများတွင် **စီမံချက်ရေးဆွဲခြင်း၊ ဘဏ္ဍာငွေစီမံခန့်ခွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် အစီရင်ခံခြင်း၊**
- လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမူအန္တရာယ် ဖြစ်နိုင်ချေရှိသော အကြောင်းအရာများ (Risk factors) ဆိုင်ရာ **သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် ဆန်းစစ်လေ့လာခြင်း၊ အန္တရာယ်ဖြစ်နိုင်ချေရှိသည့်အကြောင်းရင်းများကို** ဖော်ထုတ်နိုင်ရန် တားဆီးကာကွယ်ရေးမဟာဗျူဟာများမြှင့်တင်ရာတွင် အထက်အရာရှိများကို အကြံပြုတင်ပြခြင်း၊ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမူအန္တရယ်ဖြစ်နိုင်ချေရှိသည့် အကြောင်းရင်းများကို ကွန်ယက်အတွင်းမျှဝေခြင်း၊

## တုံ့ပြန်ခြင်း

- ရပ်ရွာလူထုနှင့် ဆွေးနွေးမှုများ (သက်ဆိုင်ရာနိုင်ငံဥပဒေများဖြင့် ပေါင်းစပ်ထားသော) နှင့် ကောင်းမွန်သောအလေ့အကျင့်များဖြင့် ဖွဲ့စည်းထားသော တိုင်ကြားမှုနှင့် တုံ့ပြန်မှုစနစ်မှ တဆင့် သတင်းအချက်အလက်များလက်ခံခြင်း၊ ပေးပို့ခြင်းများဆောင်ရွက်နိုင်ရန် လုံခြုံသော လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမူတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်ချမှတ်ရာတွင် (နှင့်/သို့မဟုတ်) အားကောင်းအောင်ဆောင်ရွက်ရာတွင် ရုံးအကြီးအကဲကို ပံ့ပိုးကူညီရမည်။

- နိုင်ငံတွင်း ရှင်းလင်းပြတ်သားစွာ အမှုကိုင်တွယ်ဖြေရှင်းခြင်း တာဝန်များအပါအဝင် စုံစမ်းမေးမြန်းမှုကျင့်ဝတ်များ ချမှတ်ရာတွင် (သို့မဟုတ်) အားကောင်းအောင်ဆောင်ရွက်ရာတွင် ရုံးအကြီးအကဲကို ပံ့ပိုးကူညီ ရမည်။ နှင့် (တစ်ခုကိုရွေးချယ်ပါ။) -
    - လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုရှိသောနေရာများတွင် စုံစမ်းမေးမြန်းသူများအား စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် အရေးယူမှုနည်းလမ်းများ ပြဋ္ဌာန်းခြင်း၊
    - ကျိုးကြောင်းခိုင်လုံသောကိစ္စများတွင် စုံစမ်းမေးမြန်းရန်နှင့် အရေးယူဆောင်ရွက်ရန် ရုံးအကြီးအကဲသို့ လွှဲပြောင်းပေးပို့ခြင်း၊
- ကျားမရေးရာ အခြေပြုအကြမ်းဖက်မှု အထူးကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ နစ်နာသူများအား ကူညီပေးသည့် ဝန်ဆောင်မှုများအတွက် လွှဲပြောင်းပေးသည့်လမ်းကြောင်းများ သတ်မှတ်ရာတွင် (သို့မဟုတ်) အားကောင်းအောင်ဆောင်ရွက်ရာတွင် ရုံးအကြီးအကဲကို ပံ့ပိုးကူညီရမည်။
- လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုစွပ်စွဲချက်များကို လက်ခံရန်အတွက် ဆက်သွယ်မှုလမ်းကြောင်းတစ်ခုအဖြစ် ဆောင်ရွက်ရမည်။ စွပ်စွဲချက်တစ်ခုအား လက်ခံရရှိသည့်အခါ အဓိကတာဝန်ယူဆောင်ရွက်သူသည်-

  ၁) အဖွဲ့အတွင်း (နှင့်/သို့မဟုတ်) အဖွဲ့အစည်းအချင်းချင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ စွပ်စွဲချက်ကို သင့်တော်သည့် အဖွဲ့အစည်းသို့ လွှဲပြောင်းပေးအပ်ခြင်း၊

  ၂) သူ/သူမ၏ သဘောတူညီမှုဖြင့် နစ်နာသူများအား ကူညီပေးသည့် ဝန်ဆောင်မှုများထံသို့

  ရှိပြီးဖြစ်သည့် လွှဲပြောင်းသည့် လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးအပ်ခြင်း၊

  အဓိကတာဝန်ရှိသူသည် တိုင်ကြားချက်များအား နှစ်သိမ့်ဆွေးနွေး ဆောင်ရွက်ရန်အတွက် တရားဝင်လေ့ကျင့်ထားသူမဟုတ်ပါက ဝင်ရောက် မပြုလုပ်သင့်ပါ။
- အမှု၏အခြေအနေများကို တတ်နိုင်သမျှအခြေခံပြီး (အဖွဲ့အစည်း၏) လုပ်ထုံးလုပ်နည်းများအရ တိုင်ကြားချက်၏တိုးတက်မှုကို စောင့်ကြပ်ကြည့်ရှုရာတွင် ရုံးအကြီးအကဲကို ပံ့ပိုးကူညီရမည်။
- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုစွပ်စွဲချက်များအား တင်ပြရန်အတွက် (အဖွဲ့အစည်း၏) လုပ်ထုံးလုပ်နည်းများနှင့် နည်းလမ်းများကို (အဖွဲ့အစည်း) အတွင်းရှိလူများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အကူအညီလက်ခံသူများနှင့် ရပ်ရွာပြည်သူများအားလုံး သိရှိစေရမည်။

- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုများ တိုင်ကြားရာတွင် ရပ်ရွာလူထုများ လုံခြုံစေရန်၊ အလွယ်တကူလက်လှမ်းမီစေရန် သင့်လျော်သည့်လမ်းကြောင်းများ ဖြစ်စေရန် သင့်လျော်သည့်အဖွဲ့ထံသို့ တိုင်ကြားမှုများရောက်ရှိမှုကို ဆက်လက်ကြည့်ရှု နိုင်စေရန် တို့အတွက် (အဖွဲ့အစည်း၏) လက်ရှိ CFM နှင့်ပူးပေါင်း၍ အဖွဲ့အစည်းအချင်းချင်းဆိုင်ရာ ရပ်ရွာ/လူထုအခြေပြု တိုင်ကြားမှုနည်းလမ်းတစ်ခုကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေး ကွန်ယက်နှင့်အတူ လုပ်ကိုင် ဆောင်ရွက်ရမည်။

## စီမံခန့်ခွဲမှုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

- အဓိကတာဝန်ယူဆောင်ရွက်သူသည် မည်သူမည်ဝါဖြစ်ကြောင်းကို (အဖွဲ့အစည်း) တစ်ခု လုံးနှင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီး ကာကွယ်ရေး ကွန်ယက် တို့ သိစေရန်နှင့် ဆက်သွယ်ရန်အသေးစိတ်အချက်အလက်များကို ကျယ်ကျယ် ပြန့်ပြန့် ရရှိစေရန် သေချာအောင် ဆောင်ရွက်ပါ။
- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု တားဆီးကာကွယ်ရေးနှင့် အဖွဲ့အစည်း၏ ကျင့်ဝတ်စည်းမျဉ်း (ကူညီလုပ်သားများအတွက် သင့်လျော်သည့် စည်းမျဉ်းများအပါအဝင်) များချမှတ်ရန်၊ အဖွဲ့အစည်းတွင်လည်းကောင်း အဖွဲ့အစည်း အချင်းချင်းတွင်လည်းကောင်း သတင်းပို့စနစ်အရ တိုင်ကြားချက်များတင်ပြရန်နှင့် လက်ခံရန်တို့အတွက် **ဝန်ထမ်းများအား ပုံမှန်လေ့ကျင့်သင်ကြား**ပေးရမည်။
- လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု တားဆီးကာကွယ်ရေးကွန်ယက်အဖွဲ့ဝင်များ (ဥပမာ- မျှဝေသုံးစွဲနေသောမိတ်ဖက်များ (အဖွဲ့အစည်း)) နှင့်အတူ ပူးပေါင်း၍ မိတ်ဖက်အဖွဲ့အစည်းများအား လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီး ကာကွယ်ရေးဆိုင်ရာသင်တန်းများ ပံ့ပိုးပေးရမည်။
- အကျိုးတူလုပ်ငန်းသဘောတူစာချုပ်များတွင် မိတ်ဖက်များ၏ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ် မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကတိကဝတ်များနှင့် တိုင်ကြားခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း တာဝန်ဝတ္တရားများ အပါအဝင် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ် မရာပြုမှုတားဆီးကာကွယ်ရေးဆိုင်ရာစာပိုဒ်များ ထည့်သွင်းရန်နှင့် အားကောင်းလာစေရန် လူ့စွမ်းအားအရင်းအမြစ်ဌာနများနှင့် ရုံးအကြီးအကဲကို ကူညီပေးရမည်။
- လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေးကွန်ယက် အစည်း အဝေးများတွင် ကိုယ်စားပြုပါဝင်ရမည်ဖြစ်ပြီး ကွန်ယက်၏လုပ်ငန်းစီမံချက်များတွင် တက်ကြွစွာပါဝင်ရမည်။

- ကွန်ယက်၏တိုးတက်မှုများ၊ ကွန်ယက်နှင့် လက်တွဲဆောင်ရွက်ခြင်းဖြင့် ရရှိလာသော အသိပညာများနှင့် အနာဂတ်စီမံကိန်းများအား ရုံးအကြီးအကဲကို ပြန်လည်တင်ပြရမည်။
- (အဖွဲ့အစည်း) ထံသို့ တင်ပြလာသော လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု မှတ်တမ်းများကို လျှို့ဝှက်ထိန်းသိမ်းထားရမည်။ တိုင်ကြားရာတွင် လိုအပ်ချက်များ ဖြည့်သွင်းရန်၊ အစီအစဉ်ညှိနှိုင်းမှုများကို အကြောင်းကြားရန်နှင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံ ဖြတ်မှုနှင့် မဖွယ်မရာပြုမှုများကိုဖော်ထုတ်ရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများချမှတ်ရန် စသည်တို့အတွက် အဖွဲ့အစည်းအတွင်းတွင် မည်သူမည်ဝါ ဖြစ်ကြောင်း မဖော်ပြထားသည့် မှတ်တမ်းများကို မျှဝေရမည်။
- (CBCM SOPs နှင့်/သို့မဟုတ် သတင်းအချက်အလက် မျှဝေခြင်းဆိုင်ရာ ကျင့်ဝတ်နှင့်အညီ) လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေးကွန်ယက်တွင် လက်ခံရရှိထားသော မည်သူမည်ဝါဖြစ်ကြောင်း မဖော်ပြထားသည့် တိုင်ကြားချက် မှတ်တမ်းများကို မျှဝေရမည်။ လက်ခံရရှိထားသော တိုင်ကြားချက်များ၏ အခြေအနေကို (ဖြစ်နိုင်လျှင်) ပံ့ပိုးပေးခြင်းနှင့် တိုင်ကြားသူ/ဆက်လက်ရှင်သန်သူထံ အကြောင်းပြန်ချက် များကို ကွန်ယက်ထံ အကြောင်းကြားခြင်း စသည်တို့ပါဝင်ရမည်။
- (သင်ခန်းစာများမျှဝေရန်၊ သင်တန်းများမှတဆင့် နှစ်ဦးနှစ်ဘက်အကျိုးရှိရန်နှင့် အဖွဲ့ အစည်းများတွင် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေး အကောင်အထည် ဖော်ဆောင်ရွက်မှုများ ဟန်ချက်ညီစေရန်အတွက် ဒေသဆိုင်ရာရုံးများနှင့် ပူးပေါင်း ဆောင်ရွက်ရမည်။)
- လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေး အထက်အဆင့် ခေါင်းဆောင်မှုတာဝန်ဝတ္တရားများ ဆောင်ရွက်ရန်အတွက် ရုံးအကြီးအကဲကို အထောက် အကူပြုရမည်။

## သင်တန်းပေးခြင်း

ရုံးအကြီးအကဲသည် အဓိကတာဝန်ယူဆောင်ရွက်သူအား အောက်ပါတို့ကို လေ့ကျင့်သင်ကြား ပေးရမည်-

- အခြေခံမှု (၆) ချက်အပါအဝင်[2] လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီး ကာကွယ်ရေးဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် (အကြောင်းအရာ) တွင် ၎င်းတို့၏ အသုံး ပြုမှုများ ၊

[2] IASC *Six Core Principles Relating to Sexual Exploitation and Abuse*, as endorsed by the IASC Principals in 2002. This link includes the Six Principles, the plain English version of the Six Principles, as well as translations in nearly 100 languages.

- အခြားလက်မခံနိုင်သောအပြုအမူများ၊ အခြားကိစ္စရပ်များနှင့် ရောထွေးဖြစ်ပေါ်လာသော လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုများကို သိရှိနိုင်သည့် စွမ်းရည်ကို မြှင့်တင်ရန်၊
- လုံခြုံ၍ လက်လှမ်းမီသော တိုင်ကြားခြင်းစနစ် လမ်းညွှန်အခြေခံမှုများ၊
- အဖွဲ့အစည်းအတွင်း တိုင်ကြားချက်များနှင့် နစ်နာသူများအားကူညီမှုနည်းလမ်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ တာဝန်ရှိသူအားလုံး၏ အခန်းကဏ္ဍများ၊
- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီး ကာကွယ်ရေးဆိုင်ရာ ဆက်လက် စုံစမ်းမှုများအား မထိခိုက်စေရန် သက်သေအထောက်အထားများ စုစည်းခြင်းဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများ၊

## လိုအပ်သော အရည်အချင်းနှင့် အတွေ့အကြုံများ

### လုပ်ငန်းအတွေ့အကြုံနှင့် နောက်ခံအကြောင်းအရာများ

- (အဓိကတာဝန်ယူဆောင်ရွက်သူ၏ ကျွမ်းကျင်ပညာရှင်အဆင့် (သို့မဟုတ်) ယင်းနှင့်ညီမျှသောလုပ်သက်အတွေ့အကြုံသည် အခြေအနေပေါ်မူတည်၍ ပြောင်းလဲမည်။) လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှုတားဆီးကာကွယ်ရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်သူသည် ကွန်ယက်တွင် အဖွဲ့အစည်းကိုယ်စားပြောဆိုနိုင်ပြီး အဖွဲ့အစည်း၏ ပြောင်းလဲမှုစတင်ရန်အတွက် ဆုံးဖြတ်ချက်ချခွင့်အာဏာ အလုံအလောက်ရှိသည်။ အဓိကတာဝန်ယူဆောင်ရွက်သူသည် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ရုံးအကြီးအကဲနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရမည်။
- ဒေသအခြေအနေ၊ (အဖွဲ့အစည်း၏) လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်သည့် အဖွဲ့အစည်းဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းများနှင့် ဆက်စပ်မဟာဗျူဟာများ၊ မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ဗဟုသုတ ကြွယ်ဝရမည်။
- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု တားဆီးကာကွယ်ရေး အဓိကတာဝန်ယူဆောင်ရွက်သူ၏ ဆောင်ရွက်ချက်များသည် အဖွဲ့အစည်းတွင် သူ/သူမ၏ ရာထူးနေရာ၊ အလုပ်ပမာဏတို့နှင့် အံဝင်ခွင်ကျဖြစ်ရမည်။

---

IASC မှ ၂၀၀၂ ခုနှစ်တွင် အတည်ပြုခဲ့သော လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် မဖွယ်မရာပြုမှုနှင့်စပ်လျဉ်းသည့် IASC ပင်မ အခြေခံမူ(၆) ချက်။ အဆိုပါလင့်ခ်တွင် အခြေခံမူ (၆) ချက်ကို အင်္ဂလိပ်ဘာသာစကားအပြင် အခြားဘာသာစကားပေါင်း (၁၀၀) ခန့် ဖြင့် ဘာသာပြန်ဖော်ပြထားပါသည်။

### ကျွမ်းကျင်မှု

- အရည်အသွေးပြည့်ဝကျွမ်းကျင်ခြင်း (ရိုးသားဖြောင့်မှု၊ မှန်ကန်မှုနှင့် ကျွမ်းကျင်လိမ္မာမှု ရှိရမည်)
- ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပံ့ပိုးကူညီခြင်းနှင့် လူမှုဆက်ဆံရေးကောင်းမွန်ခြင်း
- အချိန်စီမံခန့်ခွဲခြင်း
- (ဆက်စပ်အခြေအနေများ- ဒေသခံပြည်သူလူထုနှင့် တိုက်ရိုက်အလုပ်လုပ်ကိုင်မှု အတွေ့အကြုံ ရှိရမည်။)

### အမူအကျင့်ဆိုင်ရာ လိုအပ်ချက်များ

- မတူကွဲပြားသော ယဉ်ကျေးမှုများကို လက်ခံခြင်း
- ကျားမရေးရာ ပြဿနာများကို စာနာတတ်ခြင်း
- လျှို့ဝှက်မှုကို ထိန်းသိမ်းထားနိုင်ခြင်းနှင့် အချက်အလက်ကာကွယ်မှုတွင် လေ့ကျင့်ထားခြင်း
- ဆက်လက်ရှင်သန်သူများနှင့် အပြန်အလှန်ဆက်ဆံရာတွင် စာနာစွာပြုမူခြင်း
- စိတ်ဖိစီးသောဝန်းကျင်တွင် အလုပ်လုပ်နိုင်ခြင်း

### ဘာသာစကား

- အခြေအနေကိုလိုက်၍ ပြောဆိုဆက်ဆံနိုင်သူ ဖြစ်ရမည်။
- ဒေသဆိုင်ရာဘာသာစကားကို ပြောဆိုနိုင်ပါက ပိုမိုကောင်းမွန်ပါသည်။